


**ဥက္ကဋ္ဌ ဒီရတ်တာ အက်ဖ် ဉခ့်ေါမှ**
ပထမဉက္ကဋ္ဌအဖွဲ့၏ဒုတိယအတိုင်ပင်ခံ

# ခရစ္စမတ်ကာလတွင် ခရစ်တော်ကိုရှာဖွေခြင်း

ယေရှုခရစ်တော်၏နောက်ပိုင်းကာလသူတော်စင်များအသင်းတော်၏ အသင်းသားများဖြစ်သည့် ကျွန်တော်တို့ ဘယ်သူလဲဆိုတာကို နားလည်ဖို့ဆန္ဒရှိသူတိုင်းအတွက် စတင်ရမည့် အချက်ကို ကျွန်တော်စကားသုံးခွန်းဖြင့် အနက်ဖွင့်ကာ အကြံပေးချင်ပါတယ်။ ကျွန်တော်တို့ ခရစ်တော်ကို ရှာဖွေတယ်။

သူ့နောက်တော်လိုက်ရန်၊ သူ့ကဲ့သို့ပို၍ဖြစ်လာရန်၊ သူ့အကြောင်းသင်ယူရန် ကျွန်တော်တို့ရှာဖွေတယ်။

တစ်နှစ်ပတ်လုံးနေ့စဉ် သူ့ကိုကျွန်တော်တို့ရှာဖွေတယ်။ သို့သော် အထူးသဖြင့် ယခုလို ခရစ္စမတ်ကာလအချိန်မှာပေါ့။ ကျွန်တော်တို့ချစ်တဲ့ကယ်တင်ရှင်၏မွေးနေ့ကို ကျွန်တော်တို့ကျင်းပတဲ့အခါ ကျွန်တော်တို့ရဲ့နှလုံးသားများဟာ သူ့ဆီကိုအစဉ်တိုးကာပိုပြီးတိမ်းညွတ်တယ်။

ခရစ္စမတ်ကိုကျင်းပဖို့ ကျွန်တော်တို့ပြင်ဆင်ချက်များရဲ့တစ်စိတ်တစ်ပိုင်းအနေနဲ့ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကအသက်ရှင်ခဲ့သူများဟာ ကယ်တင်ရှင်ကြွမြန်းလာခြင်းကိုကြိုဆိုရန် ဘယ်လိုအသင့် ပြင်ဆင်ခဲ့ကြလဲဆိုတာကို ကျွန်တော်တို့စဉ်းစားဆင်ခြင်ကြပါစို့။

## သိုးထိန်းများ

သိုးထိန်းများနှင့်ပတ်သက်ပြီး တော်တော်များများကျွန်တော်တို့မသိကြပါ။ သူတို့ဟာ “ညဥ့်အခါတောအရပ်၌ တည်းခိုလျက်၊ မိမိသိုးစုကိုစောင့်နေကြသည်”၁ ကိုသာလျှင် ကျွန်တော်တို့သိပါတယ်။ သိုးထိန်းများဟာ ဘဝအတွက်အသက်မွေးဝမ်းကျောင်းနေရတဲ့ လူကောင်းများကဲ့သို့ သာမန်လူများနဲ့တော်တော်တူပါတယ်။

သူတို့ဟာ ခရစ်တော်ကိုတက်ကြွစွာ တစ်ကြိမ်မှ မရှာဖွေဖူးခဲ့တဲ့ သူများကိုကိုယ်စားပြုနိုင်ပါတယ်။ သို့သော်ကောင်းကင်ဖွင့်လှစ်၍ခရစ်တော်ကိုသူတို့အားကြေညာတဲ့အခါ သူတို့ရဲ့နှလုံးသားများ ပြောင်းလဲခဲ့တယ်။

သူတို့ဟာကောင်းကင်တမန်၏အသံတော်ကိုကြားပြီးနောက် မြင်ချင်စိတ်ဖြင့် ဗက်လင်မြို့သို့ချက်ချင်း ထွက်သွားသောသူများဖြစ်ကြတယ်။၂

## ပညာရှိများ

ပညာရှိများဟာ ဘုရားသား မေရှိယပေါ်ထွန်းလာခြင်းကိုလေ့လာနေခဲ့ကြတဲ့ စာပေပညာရှင်များ ဖြစ်ကြတယ်။ သူတို့ရဲ့သင်ယူမှုအားဖြင့် သူ့ရဲ့မွေးဖွားခြင်းကိုညွှန်ပြတဲ့လက္ခဏာများကို ဖော်ထုတ်ခဲ့ကြတယ်။ ထိုအရာများကို ဖော်ထုတ်ခဲ့ပြီးနောက် သူတို့၏အိမ်ကိုစွန့်ခွာ၍ ယေရှုရှလင်မြို့သို့ခရီးထွက်ခဲ့ပြီး “မွေးဖွားလာတဲ့ဂျူးလူမျိုးများရဲ့ဘုရင်ဟာဘယ်မှာလဲ။”၃ လို့မေးမြန်းခဲ့တယ်။

သင်ယူမှုမှရသော ခရစ်တော်နှင့်ပတ်သက်တဲ့သူတို့ရဲ့အသိဟာ သက်ဝင်ပြောင်းလဲခဲ့တယ်။ သူ့ရဲ့မွေးဖွားခြင်းလက္ခဏာကိုတွေ့တဲ့အခါ သူတို့လုပ်ဆောင်ခဲ့တယ်။ ခရစ်တော်ကိုရှာဖွေဖို့သူတို့ခရီးထွက်ခဲ့တယ်။

ပညာရှိများသည် သင်ကြားခြင်းအားဖြင့်သော်လည်းကောင်း ပညာသင်ကျောင်းမှလေ့လာခြင်းအားဖြင့်

သော်လည်းကောင်း ခရစ်တော်ကို ရှာဖွေသူများအား ကိုယ်စားပြုနိုင်ပါတယ်။ သူတို့ရဲ့အမှန်တရားကိုချစ်မြတ်နိုးမှုက အဆုံးမှာ ခရစ်တော်ကိုရှာဖွေရန်နှင့် သူ့ကိုဘုရင်တို့၏ဘုရင်၊ လူသားများ၏ကယ်တင်ရှင်အဖြစ် ကိုးကွယ်ဖို့ သူတို့အားခေါ်ဆောင်စေတယ်။၄

## ရှုမောင်နှင့်အန္န

ရှုမောင်နှင့်အန္နဟာ ဝိညာဉ်တော်အားဖြင့် ခရစ်တော်ကိုရှာဖွေသူများအားကိုယ်စားပြုတယ်။ ထိုအံ့ဖွယ်ကောင်းသောပုဂ္ဂိုလ်နှစ်ဦးဟာ ဘာသာတရားကိုင်ရှိုင်းသူများဖြစ်ကြပြီး အစာရှောင်ခြင်း၊ ဆုတောင်းခြင်းနှင့် နာခံ၍ကိုးကွယ်ဆည်းကပ်သောအသက်တာများကိုဦးဆောင်ခြင်းဖြင့် ဘုရား၏သားတော်ကြွလာမည့်နေ့ကို မြင်တွေ့ရန်စိတ်အားထက်သန်စွာ စောင့်ဆိုင်းနေခဲ့တယ်။

သစ္စာရှိခြင်း၊ နှိမ့်ချခြင်းနှင့် ယုံကြည်ခြင်းဖြင့် ကယ်တင်ရှင်ကြွလာခြင်းကို သူတို့စိတ်ရှည်စွာ စောင့်ကြည့်ခဲ့တယ်။

နောက်ဆုံးမှာတော့ မာရိနှင့်ယောသပ်က တစ်နေ့တွင်လူသားများ၏အပြစ်ကိုသူ့အပေါ်မှာ ယူတင်မည့်ကလေးငယ်ကို သူတို့ဆီခေါ်ဆောင်လာခြင်းဖြင့် သူတို့ရဲ့သစ္စာရှိမှုကို ချီးမြှင့်ခဲ့တယ်။၅

## နီဖိုင်းနှင့်လာမန်လူမျိုးများထဲမှ ယုံကြည်သူများ

ကယ်တင်ရှင်ရဲ့မွေးဖွားခြင်းလက္ခဏာများကို ကမ္ဘာသစ်မှယုံကြည်သူများ ဘယ်လိုစောင့်ကြည့်ခဲ့လဲ ဆိုတဲ့စိတ်နှလုံးထိတွေ့စေသည့်ဇာတ်လမ်းကို မာမွန်ကျမ်းထဲမှာ တွေ့နိုင်ပါတယ်။

ခရစ်တော်၌ယုံကြည်ခြင်းရှိသူများဟာ လှောင်ပြောင်ခြင်း၊ ညှင်းပန်းခြင်းခံခဲ့ရတယ်ဆိုတာ သင်မှတ်မိမှာပါ။ အဲ့ဒီခေတ်က မော်ကြွားသောသူတွေဟာ ယုံကြည်သူများအား မိုက်မဲတဲ့အယူသည်းခြင်းများကို ကိုင်စွဲထားသည်ဟု စွပ်စွဲခဲ့ကြတယ်။ တကယ်တော့ မယုံကြည်သူများဟာ သူတို့ရဲ့လှောင်ပြောင်ခြင်းမှာလွန်စွာဖွင့်ဟပြောဆိုခဲ့ပြီး နိုင်ငံမှာ "ကြီးမားသောဆူပူထကြွမှု"ကိုလုပ်ဆောင်ခဲ့တယ်။ (၃ နီဖိုင်း ၁း၇) ကယ်တင်ရှင်မွေးဖွားလာမည်ဟု ယုံကြည်သောသူများကို သူတို့မထီမဲ့မြင်ပြုကြတယ်။

သူတို့ရဲ့ဒေါသနှင့်အမျက်ဟာ အလွန်ကြီးမားလာပြီး ကယ်တင်ရှင်၌ယုံကြည်သူများအားလုံးကို သတ်ဖြတ်ရန်စိတ်စွဲလန်းခဲ့တယ်။ မာမွန်ကျမ်းက ပြဇာတ်ဆန်ဆန်ဖြေရှင်းချက်ကိုမှတ်တမ်းတင်ခဲ့တယ်။[၆]

ထိုကာလတွင်အသက်ရှင်ခဲ့တဲ့ယုံကြည်သူများဟာ အခြားသူများလှောင်ပြောင်၊ ပျက်ရယ်ပြုပြီးစော်ကားသော်လည်း ခရစ်တော်ကိုရှာဖွေသောသူများအားကိုယ်စားပြုနိုင်ပါတယ်။ အခြားသူများကသူတို့ကို ပုံမသွင်းရသေးသော၊ ရိုးစင်း၍ ယုံလွယ်သောသူများကဲ့သို့ လှောင်ပြောင်ဖို့ကြိုးစားတဲ့အခါတောင်မှ သူတို့ခရစ်တော်ကိုရှာဖွေကြတယ်။

သို့သော်အခြားသူများ၏အထင်သေးခြင်းက စစ်မှန်သောယုံကြည်သူများ ခရစ်တော်ကို ရှာဖွေနေခြင်းမှအားမလျှော့စေပါဘူး။

## ကျွန်တော်တို့ခရစ်တော်ကိုရှာဖွေတယ်။

တစ်နှစ်တာကာလပတ်လုံး အထူးသဖြင့် ဤခရစ္စမတ်ရာသီမှာ "ခရစ်တော်ကိုကျွန်တော်

ဘယ်လိုရှာဖွေနေလဲ။"ဆိုတဲ့မေးခွန်းကို နောက်တစ်ကြိမ်ထပ်မေးဖို့က ကျွန်တော်တို့ကို အကျိုးဖြစ်ကောင်းဖြစ်စေမယ်။

ကြီးမြတ်တဲ့ဘုရင်ဒါဝိတ်ဟာ သူ့ဘဝရဲ့ခက်ခဲနေတဲ့အချိန်ကာလအတောအတွင်းမှာ "အိုဘုရားသခင် ကိုယ်တော်သည်အကျွန်ုပ်၏ဘုရားသခင် ဖြစ်တော်မူ၏။ ကိုယ်တော်ကိုကြိုးစား၍ရှာပါ၏။ အကျွန်ုပ်၏ဝိညာဉ်သည်ကိုယ်တော်ကိုငတ်ပါ၏။ အကျွန်ုပ်၏ကိုယ်ခန္ဓာသည်လည်း ကိုယ်တော်ကိုလွမ်းဆွတ်ပါ၏။"[၇] ဟုရေးခဲ့တယ်။

ဤဘုရားကိုရှာဖွေခြင်းသဘောထားက ဒါဝိတ်အား ဘုရားသခင်၏အလိုကိုပြည့်စုံစေမည့်သူအဖြစ် ဖော်ပြခဲ့တဲ့အကြောင်းအချက်များထဲမှတစ်ခု ဖြစ်ကောင်းဖြစ်နိုင်တယ်။[၈]

ဤခရစ္စမတ်ရာသီနှင့် တစ်နှစ်တာကာလပတ်လုံး ဣသရေလ၏သန့်ရှင်းသူ၊ ငြိမ်သက်ခြင်းအရှင်၊ ကျွန်တော်တို့ချစ်ရသောကယ်တင်ရှင်အား ကျွန်တော်တို့ရဲ့နှလုံးသားနှင့်ဝိညာဉ်ဖြင့် ကျွန်တော်တို့ရှာဖွေပါစေ။ ဤစိတ်ဆန္ဒအတွက်အဓိကအပိုင်းမှာ ယေရှုခရစ်တော်၏နောက်ပိုင်းကာလသူတော်စင်များ အသင်းတော်၏ အသင်းသားများအဖြစ်သာမက ခရစ်တော်၏နောက်လိုက်များဖြစ်ကြသည့် ကျွန်တော်တို့သည် အမှန်စင်စစ်မည်သူတွေဖြစ်ကြလဲဆိုတာကို အနက်ဖွင့်သည်။

### မှတ်ချက်များ

၁။ လုကာ ၂း၈
၂။ လုကာ ၂း၁၅ ကိုကြည့်ပါ။
၃။ မဿဲ ၂း၁-၂ ကိုကြည့်ပါ။
၄။ မဿဲ ၂း၁၁ ကိုကြည့်ပါ။
၅။ လုကာ ၂း၂၂-၃၈ ကိုကြည့်ပါ။
၆။ တတိယ နီဖိုင်း ၁ ကိုကြည့်ပါ။
၇။ ဆာလံ ၆၃း၁
၈။ တမန်တော် ၁၃း၂၂ ကိုကြည့်ပါ။

---

## ဤသတင်းကောင်းမှသွန်သင်ချက်

ဥက္ကဋ္ဌ ဥဒ့်ဒေါ့ အကြံပေးသည့်အတိုင်း ခရစ်တော်ကိုကျွန်တော်တို့သာ၍ကောင်းအောင် ဘယ်လိုရှာဖွေနိုင်လဲ။ သင်သင်ကြားပေးနေတဲ့သူများအား "ခရစ်တော်ကိုကျွန်တော် ဘယ်လိုရှာဖွေနေလဲ။" ဟု သူတို့ကိုသူတို့မေးရန် သင်အားပေးနိုင်တယ်။ နေ့စဉ်မိသားစုကျမ်းစာလေ့လာနေချိန်အတွင်း ခရစ်တော်ကိုသူတို့တစ်ယောက်စီတိုင်း ဘယ်လိုရှာဖွေနေလဲဆိုတာကို စတင်ဝေမျှရန် သူတို့ကိုဖိတ်ခေါ်ဖို့ သင်စဉ်းစားနိုင်တယ်။ သင်သင်ကြားပေးနေတဲ့သူများနှင့် ခရစ္စမတ်ဗီဒီယိုကို Mormon.org တွင်လည်းကြည့်ရှုနိုင်ပြီး ခရစ်တော်ကိုရှာဖွေရန် နှစ်စဉ်အခွင့်ထူးတွင် သူ၏သင်ကြားချက်များကိုလိုက်လျှောက်ခြင်းအားဖြင့် ပါဝင်ရန်သူတို့ကိုဖိတ်ခေါ်နိုင်ပါတယ်။

## ကလေးများ

### ယေရှုအားကြည့်ရှုခြင်း

များစွာသောလူများဟာ ယေရှုမွေးဖွားလာခြင်းကို စောင့်မျှော်ကြည့်ရှုခဲ့ကြတယ်။ ယခုကျွန်တော်တို့သူနောက်တဖန်ကြွလာဖို့ စောင့်မျှော် ကြည့်ရှုကြတယ်။ ယေရှုအကြောင်းသင်ယူခြင်းနှင့်သူ့နောက်တော်လိုက်ခြင်းအားဖြင့် ကျွန်တော်တို့အသင့်ဖြစ်နိုင်တယ်။ ယေရှုနောက်တော်ကို သင်ဘယ်လိုလိုက်သလဲ။ ကြယ်တစ်လုံးရေးဆွဲပြီး အထဲတွင်သင့်စိတ်ကူးများကိုရေးချပါ။

© ၂၀၁၇ Intellectual Reserve, Inc မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊ ဘာသာပြန်ခွင့်ပြုချက် ၆/၁၆၊ ပထမဥက္ကဋ္ဌအဖွဲ့သတင်းကောင်း၊ ဒီဇင်ဘာလ ၂၀၁၇ အားဘာသာပြန်ထားခြင်း။ Burmese ၉၇၉၃၂ ၀၀၀ 97932 256

# အချင်းချင်း၏ဝန်ကိုဆောင်ရန်စိတ်ဆန္ဒရှိခြင်း

*ဒီအကြောင်းအရာကိုဆုတောင်းလေ့လာပြီး ဝေမျှရမယ့်အရာကိုသိဖို့ လမ်းညွှန်ချက်အတွက်ရှာဖွေပါ။ လူမှုသက်သာရေးအဖွဲ့ရဲ့ရည်ရွယ်ချက်ကို နားလည်ခြင်းက ဘုရားရဲ့သမီးများကို ထာဝရအသက် ကောင်းကြီးရဖို့အတွက် မည်သို့ပြင်ဆင်ပေးမည်နည်း။*

ယုံကြည်ခြင်း မိသားစု သက်သာမှု

“ကျွန်တော်တို့ရဲ့အာရုံစိုက်မှု၊ ကျွန်တော်တို့ရဲ့အားပေးမှု၊ ကျွန်တော်တို့ရဲ့နှစ်သိမ့်မှု၊ ကျွန်တော်တို့ရဲ့ကြင်နာမှုကို လိုအပ်နေတဲ့သူတွေဟာ ကျွန်တော်တို့ကိုဝန်းရံနေပါတယ်။” လို့ ဥက္ကဋ္ဌ သောမက်စ် အက်(စ်) မွန်ဆွန် ကပြောခဲ့တယ်။ “ကျွန်တော်တို့ဟာသူ၏သားသမီးများကို ဖေးမပြီးအစေခံရန် လုပ်ပိုင်ခွင့်နှင့်အတူ ဤလောကတွင် သခင်ရဲ့လက်များဖြစ်ကြပါတယ်။ သူသည်ကျွန်တော်တို့အယောက်တိုင်းအပေါ်မှီခို အားကိုးပါသည်။”၁

ပထမဥက္ကဋ္ဌအဖွဲ့၏ပထမအတိုင်ပင်ခံ ဥက္ကဋ္ဌ ဟင်နရီ ဘီ အိုင်ရင်းက “ဘုရားကျောင်းကိုသင်လာတဲ့အခါ ကြီးမားတဲ့ပြောင်းလဲမှု သင့်နှလုံးသားမှာစတင်လာတယ်။ သင်ဟာပဋိညာဉ်တစ်ခုကိုပြုလုပ်ခဲ့ပြီး သင့်ရဲ့ဇာတိသဘောစတင်ပြောင်းလဲလာဖို့ ကတိတော်ကို သင်လက်ခံရရှိခဲ့တယ်။

“…အခြားသူများ၏ဝန်ထုပ်များကိုပေါ့စေပြီး နှစ်သိမ့်စေ၍ သခင့်ကိုကူညီမယ်လို့ သင်ကတိပေးခဲ့တယ်။ သင်သည်သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူး ကိုရရှိတဲ့အခါ ထိုဝန်ထုပ်များကိုပေါ့စေရန် ကူညီဖို့စွမ်းအားကို သင့်အားပေးတယ်။”၂

“ဂရုဏာ၊ မျော်လင့်ခြင်းနှင့် မေတ္တာဖြင့် ကယ်တင်ရှင်မြင်သကဲ့သို့ အခြားသူများကိုမြင်ရန် ဖဝံဂေလိတရား၏ အလင်းတော်ကို ကျွန်မတို့အသုံးပြုချင်ပါတယ်။” လို့ လူမှုသက်သာရေးအဖွဲ့၏အထွေထွေဥက္ကဋ္ဌ ဂျင်း ဘီ ဘင်ဟမ်ကပြောခဲ့တယ်။ “အခြားသူများအား ကြင်နာသောအတွေးနှင့်စကားများကိုကျွန်တော် တို့ပြောဆိုသည့်အတိုင်း ကျွန်တော်တို့ကိုပေးအပ်သော သနားညှာတာမှုအတွက် ကျေးဇူးချီးမွမ်းလာကာ အခြားသူ၏စိတ်နှလုံးများကို အပြည့်အဝနားလည်မှုရရှိလာမည့်နေ့ ရောက်လာလိမ့်မယ်။…

“ကျွန်တော်တို့၏ကယ်တင်ရှင်ကဲ့သို့ပို၍ဖြစ်လာရန် ကျွန်တော်တို့ကြိုးစားတဲ့အခါ လူတိုင်းမှာရှိတဲ့ တိုးတက်မှုကို ဖက်တွယ်ရန်မှာ ကျွန်တော်တို့ရဲ့တာဝန်နှင့်အခွင့်ထူးဖြစ်တယ်။”၃

ကျွန်တော်တို့ အချင်းချင်း၏ဝန်ထုပ်များကိုထမ်းရွက်ပြီး ကျွန်တော်တို့ရဲ့ပဋိညာဉ်များကို စောင့်ထိန်းတဲ့အခါ အခြားသူများကိုယေရှုခရစ်တော်ကုသပေးရန် ကျွန်တော်တို့လမ်းဖွင့်ပေးတယ်။ တမန်တော်ဆယ့်နှစ်ပါးအဖွဲ့ဝင် အယ်လ်ဒါ ဂျက်ဖရီ အာရ် ဟောလန်က “အပြစ်ဖြေခြင်းနှင့် လက်ဝါးကားတိုင်တွင်အသေခံခြင်း၏ နားလည်ရန်ခက်ခဲသောအဖိုးအခကို စဉ်းစားကြည့်တဲ့အခါ ယခုသူဟာကျွန်တော်တို့ကိုကျောခိုင်းနေမှာ မဟုတ်ဘူးဆိုတာ ကျွန်တော်သင်တို့ကိုကတိပေးပါတယ်။ စိတ်နှလုံးနိမ့်ချသူများကို “ငါ့ထံသို့လာကြလော့။”ဟု သူပြောတဲ့အခါ သူဟာလွတ်မြောက်နိုင်တဲ့ နည်းလမ်းကိုသူသိတယ်၊ ပိုကောင်းတဲ့နည်းလမ်းကိုသူသိတယ်လို့ ဆိုလိုတာဖြစ်တယ်။ သူလျှောက်လှမ်းခဲ့ပြီးသောကြောင့်သူသိတယ်။ သူသည်လမ်းခရီးဖြစ်သောကြောင့် လမ်းကိုသိ၏။”၄

***ထပ်၍ပေါင်းထည့်ထားသောကျမ်းချက်များ***

မဿဲ ၂၅း၄၀၊ ဂလာတိ ၆း၂၊ မိုဇိုင်ယား ၂း၁၇၊ ၁၈း၈-၉

**မှတ်ချက်များ**

၁။  သောမက်စ် အက်(စ်) မွန်ဆွန်၊ “မေတ္တာဖြင့်သခင့်အားအစေခံပါ။”၊ လီရာဟိုနာ ဖေဖော်ဝါရီလ ၂၀၁၄၊ ၄။
၂။  ဟင်နရီ ဘီ အိုင်ရင်း၊ “နှစ်သိမ့်သူ”၊ လီရာဟိုနာ မေလ ၂၀၁၅၊ ၁၈။
၃။  ဂျင်း ဘီ ဘင်ဟမ်၊ “ငါ့အိမ်သို့ဧဝံဂေလိတရား၏အလင်းတော်ကို ငါယူဆောင်လာမည်။”၊ လီရာဟိုနာ နိုဝင်ဘာလ ၂၀၁၆၊ ၆၊ ၈။
၄။  ဂျက်ဖရီ အာရ် ဟောလန်၊ “ပြုပြင်ရမည့်အကျိုးအပဲ့များ”၊ လီရာဟိုနာ မေလ ၂၀၀၆၊ ၇၁။

***ဒါကိုစဉ်းစားဆင်ခြင်ပါ။***
အခြားသူများ၏ဝန်ထုပ်များကိုကူညီ ထမ်းရွက်ခြင်းနှင့်ကျွန်တော်တို့ရဲ့ ပဋိညာဉ်များကိုစောင့်ထိန်းခြင်းကလိုအပ်သော သူများကိုယေရှုခရစ်တော်ကုသရန် ဘယ်လိုလမ်းဖွင့်ပေးသလဲ။

© ၂၀၁၇ Intellectual Reserve, Inc မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊ ဘာသာပြန်ခွင့်ပြုချက် ၆/၁၆၊ လှည့်လည်သင်ကြားသောသတင်းကောင်း၊ ဒီဇင်ဘာလ ၂၀၁၇ Burmese ၉၇၉၃၂ ၀၀၀ 97932 256